# ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ

## University of Yangon Students' Union – UYSU

---

### ၆၁ နှစ်ပြည့် ကချင်တော်လှန်ရေးနေ့အထိမ်းအမှတ်အဖြစ် မြစ်ကြီးနားမြို့နယ်အခြေခံပညာကျောင်းသားများသမဂ္ဂသို့ ပေးပို့သော သဝဏ်လွှာ

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်)

၁။ ဖေဖော်ဝါရီလ ၅ ရက်နေ့သည် ကချင်လူမျိုးများ အလေးအမြတ်ထားသည့် ကချင်တော်လှန်ရေးနေ့ ဖြစ်ပါသည်။ ကချင်လူထု၏ အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် မိမိတို့ရသင့် ရထိုက်သောအခွင့်အရေးများ ရရှိရေးအတွက် ဖိနှိပ်သူတို့ကို တော်လှန်တိုက်ပွဲဝင်ခဲ့သည်မှာ ၂၀၂၂ ခုနှစ်တွင် ၆၁ နှစ်တိုင်ခဲ့ပြီ ဖြစ်ပါသည်။

၂။ မိမိတို့၏ ရည်မှန်းချက်နှင့် လွတ်မြောက်ရေးအတွက် နှစ်ပေါင်းများစွာကြာသည့်တိုင် မမိုတ်မသုန်သောဇွဲလုံ့လဖြင့် တော်လှန်တိုက်ပွဲဝင်နေကြသော ကချင်လူထုတရပ်လုံးကို ကျွန်ုပ်တို့မှ အလေးအမြတ်ပြုပါသည်။ ထို့အပြင် ကချင်လူထု လိုလားတောင့်တနေသော တော်လှန်ရေးရည်မှန်းချက်များ အမြန်ဆုံးပြည့်မြောက်ပြီး ကချင့်တော်လှန်ရေး အောင်မြင်နိုင်ပါစေကြောင်း ကျွန်ုပ်တို့ ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂမှ ဆန္ဒပြုလျက် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ကျရောက်သော (၆၁) နှစ်ပြည့် ကချင်တော်လှန်ရေးနေ့အထိမ်းအမှတ်အဖြစ် ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့  
ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ